MONTHLY

# NEWSLETTER

VOLUME [ 4 ]    1st - 30th APRIL - 2020

AYA SOMPO insurance

## ဆုံးရှုံးမှုနှင့်ပတ်သက်သော အခွင့်အရေးများ လွှဲအပ်ခြင်း 02

「အာမခံထားသူသည် တတိယလူ၏ပြစ်မှုအပေါ်တွင် တရားစွဲဆိုခွင့်ရှိပါက......」

**HR Department**

## Employees Capacity Development Program 05

**HR Department**

## ဝေဘာဂီအထူးကုဆေးရုံနှင့် ရန်ကင်းကလေးဆေးရုံကြီးများ၏ Covid-19 ကြိုတင်ကာကွယ် ကုသရေးများအတွက် ဇေရာဝတီဖောင်းဒေးရှင်းမှ ငွေကျပ် သိန်း(၁၀၀၀) ပံ့ပိုးကူညီ 06

**Corporate Planning Department**



## ကျန်းမာမှ ချမ်းသာမည်...... 08

「လက်ရှိမှာတော့ Covid-19 လို့ခေါ်တဲ့ virus ရောဂါပိုးအသစ်ကြောင့်」

No.23, Kan Yeik Thar Road,
Tha Pyay Gone Ward,
Mingalar Taung Nyunt Township,
Yangon(East), Yangon, Myanmar.

info@ayasompo.com

**Customer Service:**
csinfo@ayasompo.com

**Website Link:**
www.ayasompo.com

+95-9-966662883

# ဆုံးရှုံးမှုနှင့် ပတ်သက်သော အခွင့်အရေးများ လွှဲအပ်ခြင်း



အာမခံထားရှိထားသော ပစ္စည်း (သို့) အသက်တို့ ဆုံးရှုံးမှုအတွက် အခွင့်အရေးများကို အာမခံ ကုမ္ပဏီအနေဖြင့် အာမခံထားရှိသူ ကိုယ်စား ဆောင်ရွက်ပေးခွင့်ရှိပါတယ်။ ဆုံးရှုံးမှုနှင့် ပတ်သက်၍ အခွင့်အရေးများ ရရှိရန် ဆောင်ရွက်ခွင့်ရှိသည်။

တတိယလူ၏ ပြစ်မှုကြောင့် ဖြစ်ပွားသော ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးရရှိအောင်ဆောင်ရွက်ရာတွင် အာမခံကုမ္ပဏီသည် တရားဥပဒေအရ နစ်နာသူနှင့် ထပ်တူထပ်မျှ အခွင့်အရေး ရှိသည်။ အာမခံထားသူသည် တတိယလူ၏ ပြစ်မှုအပေါ်တွင် တရားစွဲဆိုခွင့် ရှိပါက အာမခံ ကုမ္ပဏီ အနေဖြင့်လဲ ထိုသူကို တရားစွဲဆိုခွင့်ရှိသည်။

**အာမခံထားသူသည် တတိယလူ၏ ပြစ်မှုအပေါ်တွင် တရားစွဲဆိုခွင့်ရှိပါက အာမခံကုမ္ပဏီအနေဖြင့်လဲ ထိုသူကို တရားစွဲဆိုခွင့်ရှိ......**

## ဆုံးရှုံးမှုနှင့်ပတ်သက်သော အခွင့်အရေးများ လွှဲအပ်ခြင်းကို မည်သို့ ဆောင်ရွက်မည်နည်း။

လျော်ကြေးငွေများကို မပေးလျော်မီ သို့မဟုတ် ပေးလျော်ပြီးသည့်တိုင်အောင် အာမခံကုမ္ပဏီတွင် ဆုံးရှုံးမှုနှင့် ပတ်သက်သော အခွင့်အရေးများကိုဆက်လက် ဆောင်ရွက်ခွင့် ရှိပါသည်။ ဆုံးရှုံးမှုနှင့်ပတ်သက်သော အခွင့်အရေးများ လွှဲအပ်ခြင်းသည် အာမခံပေါ်လစီ များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက် အပံ့များစွာပြုသည်။





အများအားဖြင့် အာမခံကုမ္ပဏီသည် အာမခံထားသူများ၏ ဆုံးရှုံးမှုများကို ပေးလျော်ပြီးနောက် အာမခံထားသူကိုယ်စား ထိခိုက်ဒဏ်ရာ ရစေသူထံမှ သို့မဟုတ် ၎င်း၏ အာမခံကုမ္ပဏီမှ လျော်ကြေးငွေများကို တောင်းခံသည့် လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးနစ်နာသော အာမခံထားသူသည် လျော်ကြေးငွေကို ချက်ချင်းရရှိသည့်အတွက်များစွာ အကျိုးဖြစ်ထွန်းစေသည်။ သို့သော်လည်း လျော်ကြေး အမှန်တကယ်ပေးရန် တာဂန်ရှိသူအား အာမခံကုမ္ပဏီမှ တရားဥပဒေအရ ဆက်လက်ဆောင်ရွက်ရန်အတွက် အာမခံထားရှိသော နစ်နာသူမှ ကူညီပါဂင် ဆောင်ရွက်ပေးရမည် ဖြစ်သည်။ အာမခံထားသူသည် အာမခံကုမ္ပဏီထံမှသော်လည်းကောင်း၊ ထိခိုက်ဆုံးရှုံးစေသူ (Third party) ထံမှသော်လည်းကောင်း တစ်ဦးထံမှသာ လျော်ကြေး တောင်းယူရမည်။ နစ်ဖက်လုံးမှ လျော်ကြေးတောင်းယူ ခြင်းမပြုရပေ။

ဆုံးရှုံးမှုနှင့် ပတ်သက်သော အခွင့်အရေးများ လွှဲအပ်ခြင်းကို ဥပမာအားဖြင့် မြင်သာအောင်ရှင်းလင်းပြမည်ဆိုပါက- အာမခံထားရှိသော ကားကို အခြားသူတစ်ဦး (Third Party)၏ မှားယွင်းမှုကြောင့် ကားပျက်စီးနစ်နာမှု ရှိလာပါက ထိုနစ်နာမှုအတွက် အာမခံကုမ္ပဏီမှ လျော်ကြေးငွေ သို့မဟုတ်သင့်လျော်သော ပြုပြင်မှုများ ဆောင်ရွက်ပေးပြီး ပျက်စီးနစ်နာမှုအတွက် တာဝန်ရှိသော မှားယွင်းသူ (Third party) ထံမှ လျော်ကြေးငွေ ရရှိအောင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်သည့်အခါတွင် အာမခံကုမ္ပဏီမှာ နစ်နာသူဖြစ်သော အာမခံထားသူ၏ အခွင့်အရေးများ လွှဲအပ်ခြင်း ခံရသူအနေဖြင့် ထိုသူနှင့် အခွင့်အရေး တူညီစွာ တရားစွဲဆိုခွင့်ရှိသည်။ လျော်ကြေးငွေ တောင်းဆိုခွင့်ရှိသည်။

လျော်ကြေးအမှန်တကယ်ပေးရန် တာဝန်ရှိသူအား အာမခံကုမ္ပဏီမှ တရားဥပဒေအရ ဆက်လက်ဆောင်ရွက်ရန်အတွက် အာမခံထားထားသော နစ်နာသူမှ ကူညီပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အာမခံထားသူသည် အာမခံကုမ္ပဏီထံမှသော်လည်းကောင်း၊ထိခိုက်ဆုံးရှုံးစေသူ **(Third Party)** ထံမှသော်လည်းကောင်း၊ တစ်ဦးထံမှသာ လျော်ကြေးတောင်းယူရမည်။ နစ်ဖက်စလုံးမှ လျော်ကြေးတောင်းယူခြင်း မပြုရပေ......

## ဆုံးရှုံးမှုနှင့်ပတ်သက်သော အခွင့်အရေးများ လွှဲအပ်ခြင်းနှင့် သက်ဆိုင်နိုင်သည့် အကြောင်းအရာများမှာ-

၁။

တရားမနစ်နာမှု - တစ်ခါတစ်ရံတွင် နစ်နာမှုအတွက် Third party မှ ငြင်းဆိုခြင်း၊ Third party ကို သိရှိရန် မလွယ်ကူခြင်းများ ရှိတတ်သည်။ ထိုအခါတွင် ရဲမှုရဲခင်းများ၊ တရားမမှုများ ရင်ဆိုင်ဖြေရှင်းရခြင်းများ ရှိတတ်သည်။ ဥပမာအားဖြင့် - အိမ်နီးချင်း၏မီးပေါ့ဆမှုကြောင့်မီးလောင်ကျွမ်းမှုဖြစ်ပြီးမီးအာမခံကိုလျော်ကြေးငွေ ပေးဆောင်ရမည့် ကိစ္စရပ်တွင် နစ်နာသူ မီးအာမခံထားရှိသူ၏ အမည်ဖြင့် မီးပေါ့ဆသူကို တရားမမှုဖြင့် တရားစွဲဆိုခြင်းများရှိသည်။ ထိုအခါတွင် ဆုံးရှုံးမှုနှင့် ပတ်သက်သော အခွင့်အရေးများ လွှဲအပ်ခြင်းများရှိသည်။

၂။

စာချုပ်ချုပ်ဆိုခြင်း - အာမခံထားရှိသော ပစ္စည်း ဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ အာမခံထားသူမှအခြားသူ တစ်ဦးထံမှ စာချုပ်စာတမ်းအရ လျော်ကြေးငွေရရှိရန် ရှိခြင်းမျိုးလည်း ရှိတတ်သည်။ ဥပမာအားဖြင့် အိမ်၊ မြေပိုင်ရှင်သည် အိမ်ငှား၊ခြံငှားထံမှ ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးငွေပေးရန် စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားခြင်းမျိုး ဖြစ်သည်။ ထိုအခါမျိုးတွင် အာမခံကုမ္ပဏီမှ အာမခံထားသူ အိမ်ရှင်၊ မြေရှင်ကိုယ်စား ဆုံးရှုံးမှုနှင့် ပတ်သက်သော အခွင့်အရေးများ လွှဲအပ်ခြင်းခံရပြီး တရားစွဲဆို၍ လျော်ကြေးငွေ တောင်းဆိုခွင့် ရှိသည်။

၃။

လွှတ်တော်မှ အတည်ပြုထားသည့် ဥပဒေအရ - အလုပ်သမား လျော်ကြေးနည်းဥပဒေနှင့် စပ်လျဉ်းသော ကိစ္စရပ်များဖြစ်သည့် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာ ရရှိမှုများအတွက် လျော်ကြေးများ၊ အလုပ်သမားများ၏ လျော်ကြေးငွေ အကျိုးခံစားခွင့်များနှင့် သက်ဆိုင်သည်။ ထိုအခါတွင် နစ်နာသူ အလုပ်သမားဘက်မှ ဆုံးရှုံးမှုနှင့် ပတ်သက်သော အခွင့်အရေးများ လွှဲအပ်ခြင်းများရှိပြီး အာမခံကုမ္ပဏီ အနေဖြင့် လိုအပ်သည်များကို ဆောင်ရွက်ပေးခွင့် ရှိသည်။

၄။

အာမခံထားရှိသည့် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုတွင် ကြွင်းကျန်သောပစ္စည်းများနှင့် ဆက်စပ်စပ်လျဉ်းပြီး ဆက်လက် ဆောင်ရွက်ရာတွင်လည်း သဘောတူညီထားသည့်အတိုင်း ဆောင်ရွက်ခွင့်ရှိသည်။ ဆုံးရှုံးမှုနှင့် ပတ်သက်သော အခွင့်အရေးများ လွှဲအပ်ခြင်းများရှိပြီး အာမခံကုမ္ပဏီအနေဖြင့် လိုအပ်သည်များကို ဆောင်ရွက်ပေးခွင့်ရှိသည်။

HR Department

# Employees Capacity Development Program



AYA SOMPO အာမခံကုမ္ပဏီမှ Customer များအား အရည်အသွေးပြည့်မီ၍ ပိုမိုလျင်မြန်ကောင်းမွန်သော ဝန်ဆောင်မှုများကို ပေးနိုင်ရန်အတွက် AYA SOMPO အာမခံ ကုမ္ပဏီ၏ ဌာနအသီးသီးရှိ ဝန်ထမ်းများအား ထိရောက်ကောင်းမွန်သော စီမံခန့်ခွဲမှုများဖြင့် လုပ်ငန်းဆောင်တာများ ဦးဆောင်ညွှန်ကြားနိုင်ရန် Capacity Building အနေဖြင့် Leadership skills, Decision making skills, Communication skills အစရှိသော Management skills များကို ဦးတည်သင်ကြားပေးသော “Insurance Professionals Course” ကို ၂၀၂၀ ခုနှစ် မတ်လ (၁၄) ရက်နေ့တွင် AYA SOMPO အာမခံရုံးချုပ်၌ သင်ကြားပို့ချပေးခဲ့ပါသည်။

HR Department







# ဝေဘာဂီအထူးကုဆေးရုံနှင့် ရန်ကင်းကလေးဆေးရုံကြီးများ၏ Covid-19 ကြိုတင်ကာကွယ်ကုသရေးများအတွက် ရောဝတီဖောင်းဒေးရှင်းမှ ငွေကျပ် သိန်း(၁၀၀၀) ပံ့ပိုးကူညီ



ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပွားလျက်ရှိသော ကူးစက်မြန် Covid-19 ကြိုတင်ကာကွယ်ရန်နှင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားလာခဲ့ပါက ထိရောက်စွာထိန်းချုပ်၊ ကုသနိုင်ရန်အတွက် ဝေဘာဂီ အထူးကုဆေးရုံကြီးနှင့် ရန်ကင်းကလေး ဆေးရုံကြီးတို့တွင် အရေးပေါ် လိုအပ်နေသော ငွေကျပ် သိန်း(၁၀၀၀) တန်ဖိုးရှိ ဆေးရုံသုံး စက်ပစ္စည်းများ၊ ကာကွယ်ကုသရေး





အသုံးအဆောင်များကို ရောဝတီဖောင်ဒေးရှင်းနှင့်အတူ မက်စ်မြန်မာ ကုမ္ပဏီအုပ်စု၊ ရောဝတီဘဏ်လီမိတက်နှင့် AYA SOMPO Insurance တို့မှ ပံ့ပိုးကူညီပေးခဲ့သည်။

ဦးဇော်ဇော်နှင့် ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် ရန်ကင်းကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီးနှင့်တကွ အုပ်ချုပ်မှုတာဝန်ခံများ၊ ဆရာဝန်၊ ဆရာမကြီးများနှင့်အတူ မတ်လ ၁၇ရက်နေ့ နံနက်ပိုင်းက တွေ့ဆုံဆွေးနွေးခဲ့ပြီး အရေးပေါ် လိုအပ်လျက်ရှိသည့် Medical

Ventilator၊ Oxygen Flow Meter နှင့် ၎င်းတို့နှင့် ဆက်စပ်ပစ္စည်းများ၊ ရောဂါကာကွယ်ရေးဝတ်စုံ (PPE)၊ Infrared Thermometer များ၊ N95 Mask နှင့် Surgical Mask များ၊ Surgical Glove များကို ပံ့ပိုး ကူညီပေးခဲ့ပါသည်။



ထို့အတူ ရောဝတီဖောင်ဒေးရှင်း တာဝန်ရှိသူများသည် မတ်လ (၁၈)ရက်နေ့ နံနက်ပိုင်းက ဝေဘာဂီ အထူးကု ဆေးရုံကြီးသို့ သွားရောက်ခဲ့ပြီး အရေးပေါ် ဖြည့်တင်းရန် လိုအပ်နေသည့် ICU ကုတင်များ၊ လူနာကုတင်များ၊ Monitor with Echo cardiogram၊ ICU Ventilator၊ ရောဂါကာကွယ်ရေးဝတ်စုံ (PPE)များ၊ အခြား လိုအပ်နေသော ပစ္စည်းများ ဝယ်ယူရန်ပံ့ပိုးကူညီပေးခဲ့ပါသည်။



ထို့အပြင် AYA Sompo အာမခံ အနေဖြင့် Covid-19 အတွက် တာဝန်ထမ်းဆောင်လျက်ရှိကြသော ကျန်းမာရေး ဝန်ထမ်းများအတွက် ကျန်းမာရေး အာမခံတစ်ရပ် စီစဉ်ပေးနိုင်ရေး ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။

Corporate Planning Department





# ကျန်းမာမှ ချမ်းသာမည်.....

## “ကမ္ဘာကြီးနေမကောင်းဖြစ်နေပါပြီ”

တောမီးတွေလောင်၊ ရာသီဥတုတွေဖောက်ပြန်၊ Virus ပိုးမွှားအသစ်တွေဖြစ်နဲ့ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီး နာမကျန်း ဖြစ်နေလေရဲ့ဗျာ။

နှစ်ပေါင်းများစွာထဲက လူတွေ သူ့ဆီက ရယူခဲ့တာများနေပြီမဟုတ်လား.....နေ့စဉ်နဲ့အမျှ လူတွေဟာ ချမ်းသာဖို့အရေးပဲ ကြိုးစား လုပ်ဆောင်နေကြတာပဲလေ ကျွန်တော်တို့ရဲ့ကမ္ဘာကြီး ကျန်းမာအောင် ကြိုးစားပေးနေတဲ့သူက ခပ်ရှားရှားရယ်။ လက်ရှိမှာတော့ Covid-19 လို့ခေါ်တဲ့ virus ရောဂါပိုးအသစ်ကြောင့် ကမ္ဘာတစ်ဝှမ်း အန္တရာယ်တွေနဲ့ ကြုံနေရပါတယ်....... ကျွန်တော်တို့တွေ ကြိုးစားရှာဖွေထားတဲ့ ဥစ္စာနေတွေက ရောဂါပိုးမွှားကို မပျောက်ကင်း စေသေးပါဘူး ကျွန်တော်တို့ ကိုယ်တိုင် ငွေကြေးနောက်လိုက်ရင်း မေ့မေ့ပျောက်ပျောက်ဖြစ်နေတဲ့ “ကျန်းမာရေး” ဆိုတဲ့ အရာအတွက် ဘယ်လောက်များ ပြင်ဆင်ထားခဲ့ပြီးပြီလဲဆိုတာကို ပြန်သတိရမိစေနေပါပြီ။ ဒီလိုမပြင်ဆင်ခဲ့မိတဲ့ အထဲမှာ ကျန်းမာရေးအာမခံ ဆိုတာလည်း တစ်ခုပါဝင်နေတာကို သတိပြုမိပါရဲ့လား.......

**လက်ရှိမှာတော့ Covid-19 လို့ခေါ်တဲ့ virus ရောဂါပိုးအသစ်ကြောင့် ကမ္ဘာတစ်ဝှမ်း အန္တရာယ်တွေနဲ့ ကြုံနေရပါတယ်.... ကျွန်တော်တို့တွေ ကြိုးစားရှာဖွေထားတဲ့ ဥစ္စာနေတွေက ရောဂါပိုးမွှားများကို မပျောက်ကင်းစေသေးပါဘူး......**

လူရယ်ဖြစ်လာရင် အိုရမယ်၊ နာရမယ်၊ သေရမယ် ဆိုတာတော့ အသေချာပဲလေ။ ဒီလိုသေချာတဲ့ အရာတွေကြားမှာမှ ဘယ်အချိန် ဘာဖြစ်မယ် မသိနိုင်တဲ့ ကျွန်တော်တို့ရဲ့ ကျန်းမာရေးအတွက်ကို ကြိုတင်ပြင်ဆင်ထားပြီးဂရုစိုက်ကြဖို့ ပိုလိုအပ်လာပါပြီ... ကျန်းမာရေးအာမခံဆိုလို့ အမြဲတမ်းကျန်းမာနေအောင် အာမခံပေးမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။အကယ်၍များ နာမကျန်းဖြစ်လာခဲ့ရင် ကျွန်တော်တို့တွေ ကျန်းမာစဉ်က တသက်တာ ကြိုးစား ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေ တစ်ခဏလေးနဲ့ မဆုံးရှုံးစေဖို့ အကာကွယ်ပေးနိုင်တာက ကျန်းမာရေးအာမခံပဲ ဖြစ်ပါတယ်... လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့

ဆေးရုံတက်စရိတ်၊ ဆေးကုသစရိတ်၊ ခွဲစိတ်ကုသစရိတ်၊ ပြင်းထန်ရောဂါ (၁၀)မျိုး ကုသခြင်းအတွက်စရိတ်နှင့် အသက်ဆုံးရှုံးခြင်းတို့အတွက် အာမခံလျော်ကြေးငွေပြန်လည်ရယူနိုင်တဲ့ ကျန်းမာရေးနှင့်ဆိုင်သော အာမခံအမျိုးအစား ရှိနေပြီဖြစ်ပါတယ်...

မိမိဝယ်ယူချင်တဲ့ အမျိုးအစားပေါ် မူတည်ပြီး တစ်လလျှင် ပရီမီယံ ထောင်ဂဏန်း၊ သောင်းဂဏန်းခန့် သွင်းသွားရုံဖြင့် နာမကျန်းဖြစ်ခဲ့လျှင် သိန်းဂဏန်း၊ သန်းဂဏန်းခန့် အကျိုးခံစားခွင့် ပြန်လည်ရရှိမှာပဲ ဖြစ်ပါတယ်... အသက် ၆ နှစ်မှ ၇၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော၊ အလုပ်လုပ်နေကြသော ကျန်းမာတဲ့ မည်သူမဆို အာမခံအကာအကွယ် ရယူနိုင်ပါတယ်... အာမခံသက်တမ်းသည် စတင်ဝယ်ယူသည့်နေ့မှစကာ (၁)နှစ်တိတိ အကာအကွယ် ရရှိမှာဖြစ်ပါတယ်..... အာမခံကုမ္ပဏီသို့ လစဉ်၊ (၃)လ တစ်ကြိမ်၊ (၆)လ တစ်ကြိမ်၊ (၁)နှစ်စာ စသဖြင့် ပရီမီယံပေးသွင်းနိုင်တာမို့ မိမိနှစ်သက်ရာ အစီစဉ်တိုင်း ရွေးချယ်ရယူနိုင်ပါတယ်..... ပေးသွင်းရမည့် ပရီမီယံသည် ဝယ်ယူသူ၏ အသက်အရွယ်ပေါ်လိုက်ကာ ကွာခြားမှုရှိပါတယ်... အသက်ငယ်လျှင် ပေးသွင်းရတဲ့ပမာဏနည်းပြီး အသက်ကြီးလျှင်တော့ ပေးသွင်းရတဲ့ ပမာဏ အနည်းငယ် ပိုနိုင်ပါတယ် (အသက်က တန်ဖိုးကြီးတယ်လို့ ပြောချင်တာဖြစ်မယ်) ပြန်လည်ရရှိနိုင်တဲ့ အကျိုးခံစားခွင့်တွေကတော့ .....

၁။ ဆေးရုံတက်စရိတ် အနည်းဆုံး တစ်ရက်လျှင် (၁၀,၀၀၀)ကျပ်မှ အများဆုံး တစ်ရက်လျှင် (၁၀၀,၀၀၀)ကျပ်ဖြင့် တစ်နှစ်အတွင်း ရက်ပေါင်း (၆၀) တိတိ ရရှိနိုင်ခြင်း။
၂။ ဆေးကုသစရိတ် တစ်နှစ်အတွက် (၁၀,၀၀၀) ကျပ်မှ အများဆုံး (၁၀၀,၀၀၀) ကျပ်
၃။ အကြီးစားခွဲစိတ်ကုသမှုစရိတ် (၅၀၀,၀၀၀)ကျပ်မှ ကျပ်သိန်း (၅၀) အထိ
၄။ အသက်ဆုံးရှုံးခြင်းအတွက် ကျပ် (၁၀) သိန်းမှ ကျပ် သိန်း (၁၀၀) အထိ
၅။ ပြင်းထန်ရောဂါ (၁၀)မျိုးအတွက် ကုသစရိတ် ကျပ် (၁၀) သိန်းမှ ကျပ် သိန်း (၁၀၀) အထိ စသည်ဖြင့် မိမိဝယ်ယူထားသည့် အာမခံအကာအကွယ်ပေါ် မူတည်ကာ အကျိုးခံစားရမည်ဖြစ်သည်။

ဒီလို အကျိုးခံစားခွင့်တွေအတွက် တစ်လပေးသွင်းရတဲ့ ပရီမီယံကြေးသည် ဟော့ပေါ့ တစ်ခါ စားစာ၊ မာလာရှမ်းကော တစ်ပွဲစာလောက်သာ ကျသင့်တယ်ဆိုရင် ဘာကြောင့် မထားဖြစ်တာလဲ ဆိုတာက အံ့အားသင့်စရာပါပဲ......

ကျွန်တော်ကတော့ မအံ့သြတော့ပါ ကျွန်တော်တို့ကိုယ်တိုင်အခြားအရာတွေအတွက် အကုန်ကျခံ၊အသုံးပြုနေကြပေမယ့် ကိုယ့်ကျန်းမာရေး အတွက်ဆိုတာကိုတော့ မေ့လျော့နေခဲ့ကြတာ ကြာပြီမဟုတ်လားလေ...

ခုချိန်ကတော့ ကျွန်တော်တို့ ကိုယ့်ကိုကိုယ် ဂရုစိုက် စောင့်ရှောက်ဖို့ရာ အချိန်ရောက်နေပြီဖြစ်ကြောင်းကို ကမ္ဘာကြီးကလည်း သတိပေးနေခဲ့ပါပြီ.... နောက်ကျတယ်ဆိုတာမရှိသေးပါဘူး အတတ်နိုင်ဆုံး ကိုယ့်ကိုကိုယ် ဘယ်လိုကာကွယ်ကြမလဲ ကျွန်တော်တို့ရဲ့ မိသားစုတွေကို ဘယ်လို ကာကွယ်ကြမလဲဆိုတာ ကျွန်တော်တို့ ကမ္ဘာကြီးကိုလည်း ဘယ်လို ထိန်းသိမ်းစောင့်ရှောက်နိုင်မလဲဆိုတဲ့ အကြောင်းတွေ တွေးကြရင်းနဲ့ ကျွန်တော်တို့ ကျန်းမာမှ ချမ်းသာနိုင်မယ်.... ချမ်းသာဖို့အတွက် ကျန်းမာအောင်နေကြဖို့ လိုတယ်ဆိုတာလေးကို မျှဝေပေးလိုက်ရပါတယ်........

ဒေါက်တာစိုပြေ

(AYA SOMPO INSURANCE)